ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၀ ၊ အမှတ် ၇ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁

## ကုန်တင်လွှာယာဉ်ပါ / ကုန်ပါစာရင်းချုပ် (manifest) နှင့် စံပြုလုပ်ငန်းစဉ် (SOPs) အား အသုံးပြုစဉ်တွေ့ရှိခဲ့သည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ E-Lock စနစ် Phase (1) အသုံးပြုမှု နှင့် Phase (2) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအမံများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**ကုန်တင်လွှာယာဉ်ပါ/ ကုန်ပါစာရင်းချုပ် (manifest) နှင့် စံပြုလုပ်ငန်းစဉ် (SOPs) အား အသုံးပြုစဉ်တွေ့ရှိခဲ့သည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ E-Lock စနစ် Phase (1) အသုံးပြုမှု နှင့် Phase (2) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအမံများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အမှာစကားပြောကြားစဉ်။**

ကုန်တင်လွှာယာဉ်ပါ/ ကုန်ပါစာရင်းချုပ် (manifest) နှင့် စံပြုလုပ်ငန်းစဉ် (SOPs) အား အသုံးပြုစဉ် တွေ့ရှိခဲ့သည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ E-Lock စနစ် Phase (1) အသုံးပြုမှု နှင့် Phase(2) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်း အဝေးအား ၃-၉-၂၀၂၄ ရက်နေ့ (အင်္ဂါနေ့)၊ ၁၃း၃၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုအသင်းချုပ်၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း ၊ မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ၊ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၊ မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း နှင့် Tah Moe Hnye Group Investment and Development Co.,ltd မှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပါသည်။



**ကုန်တင်လွှာယာဉ်ပါ/ ကုန်ပါစာရင်းချုပ် (manifest) နှင့် စံပြုလုပ်ငန်းစဉ် (SOPs) အား အသုံးပြုစဉ်တွေ့ရှိခဲ့သည့် အခြေအနေ၊ ဆက်လက် E-Lock စနစ် Phase (1) အသုံးပြုမှု နှင့် Phase (2) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တက်ရောက်လာသူများမှ တင်ပြဆွေးနွေးစဉ်။**

အစည်းအဝေးကျင်းပရသည့်ရည်ရွယ်ချက်မှာ ကုန်တင်လွှာယာဉ်ပါ / ကုန်ပါစာရင်းချုပ် (manifest) အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် နှင့် E-Lock စနစ် Phase (2) စီမံချက်တွင် တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းအား ထပ်မံထည့်သွင်းနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရန်အတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အစည်းအဝေးတွင် တက်ရောက်လာကြသော သက်ဆိုင်ရာဌာန ၊ အသင်းအဖွဲ့ ၊ ကုမ္ပဏီကိုယ်စားလှယ်များမှ ကုန်တင်လွှာယာဉ်ပါ / ကုန်ပါစာရင်းချုပ် (manifest) နှင့် စံပြုလုပ်ငန်းစဉ် (SOPs) အား အသုံးပြုစဉ် တွေ့ရှိခဲ့သည့်အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ E-Lock စနစ် Phase (1) အသုံးပြုမှု ၊ Phase (2) အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအမံများနှင့် တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းကြောင်းအား ထပ်မံထည့်သွင်းနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မည့်အခြေအနေများအား အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးတွင် ဆုံးဖြတ်ချက် (၁၀) ချက်အား ချမှတ်ခဲ့ပြီး အစည်းအဝေးအား ၁၆း၀၀ နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂၊ အခန်း (၁) မှ (၉၇) အထိ ကုန်ပစ္စည်းများ၏ အကောက်ခွန်နှုန်း သုံးသပ်ပြင်ဆင်ခြင်းနှင့် တိုးမြှင့်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ၊ အခန်း (၁) မှ (၉၇) အထိ အကောက်ခွန်နှုန်းသုံးသပ်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အမှာစကားပြောကြားစဉ်။**

ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ၊ အခန်း (၁) မှ (၉၇) အထိ အကောက်ခွန်နှုန်းသုံးသပ်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလ ၁၂ ရက်နေ့ နှင့် စက်တင်ဘာလ ၂၅ ရက်နေ့ တို့တွင် ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် ၊ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင်၊ မူဝါဒရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဝင်း ၊ စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးချစ်ဝင်း ၊ ဥပဒေရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်း ၊ စီမံရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးမျိုးသီဟ ၊ နိုင်ငံတကာရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေး ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးဝင်းဇော်၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးအောင်ခိုင် ၊ ကာကွယ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးဝင်းဆွေ၊ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင်၊ MACCS ဌာနခွဲ ၊ ဒုတိယညွှန်ကြားရေးမှူး ဦးဟိန်းထက်အောင်၊ နှောင်းစာရင်းစစ်ဆေးရေးနှင့် ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၊ HS Section မှ လက်/ညွှန်မှူး ဒေါ်မေမြတ်သူ ၊ လက်/ညွှန်မှူး ဒေါ်အေးသဉ္ဇာဟန် ၊ လက်/ညွှန်မှူး ဒေါ်ရွှေစင်သန့် ၊ ဦးစီးအရာရှိ ဒေါ်ခင်စန္ဒီအောင် တို့ တက်ရောက်ခဲ့ပါသည်။




**ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ၊ အခန်း (၁) မှ (၉၇) အထိ အကောက်ခွန်နှုန်းသုံးသပ်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ကျင်းပပြုလုပ်သောလုပ်ငန်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာရေးရာဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးမိုးကျော်အေးမှ အကြံပြုဆွေးနွေးပြောကြားစဉ်။**

အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှကုန်ချောတင်သွင်းမှုများကိုလျှော့ချနိုင်ရေး အခွန်နှုန်းထားများ မြှင့်တင်၍ ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စွာဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ အစည်းအဝေးကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ (၆/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် (၃) တွင် “ ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ပြည်ပမှကုန်ချောတင်သွင်းမှုများကို လျှော့ချနိုင်ရေး၊ သက်ဆိုင်ရာဌာနများမှ အခွန်နှုန်းထားများမြှင့်တင်၍ တားမြစ်ခြင်းနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေစွာဆောင်ရွက်ခြင်းဖြင့် တားဆီး ၊ ဖမ်းဆီးမှုများကို ထိရောက်စွာ စနစ်တကျဆောင်ရွက်နိုင်ရန်” နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးပြောကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်၍ Mytel CEO အသစ်ဖြစ်သူ Mr. Ngo Vinh Quy (Albert) နှင့် တွေ့ဆုံဆွေးနွေးပွဲ




**အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်းမှ ဦးဆောင်၍ Mytel CEO အသစ်ဖြစ်သူ Mr. Ngo Vinh Quy (Albert) နှင့် တွေ့ဆုံဆွေးနွေးစဉ်။**

၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလ ၁၈ ရက်နေ့ ၁၀:၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ ကာကွယ်ရေးဌာနခွဲ ၊ အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးနှင့် အခွန်ကြီးကြပ်ရေး) ဦးအောင်ဆန်းထွန်း ဦးဆောင်၍ Mytel CEO အသစ်ဖြစ်သူ Mr. Ngo Vinh Quy (Albert) နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် Mytel CEO အသစ်ဖြစ်သူမှ ဂါရဝပြုတွေ့ဆုံခြင်း ၊ အကောက်ခွန်လုပ်ငန်းစဉ်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် Contact Person ထားရှိခြင်းကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအတွက် အင်္ဂလိပ်စာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကျင်းပ




**အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းများအတွက်အင်္ဂလိပ်စာအခြေခံသင်တန်းအား အကောက်ခွန်သင်တန်းခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်မှ အဖွင့်အမှာစကားပြောကြားစဉ်။**

အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအတွက် အင်္ဂလိပ်စာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၄) ကို ၁၂-၉-၂၀၂၄ ရက်နေ့ ၀၈:၃၀ နာရီတွင် အကောက်ခွန်သင်တန်းကျောင်း၊ သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်မှ ဦးဆောင်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါသင်တန်းဖွင့်ပွဲတွင် ဌာနခွဲညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အရာထမ်း ၊ အမှုထမ်းများ ၊ သင်တန်းနည်းပြဆရာမ ဒေါ်အေးအေးလွင်နှင့် အကောက်ခွန်ဦးစီးဌာနမှ ဌာနခွဲ (၁၂) ခုမှ သင်တန်းသား ၊ သင်တန်းသူ (၃၀) ဦး တက်ရောက်ခဲ့ကြပါသည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအား အင်္ဂလိပ်စာ အခြေခံကောင်းမွန်မှုရှိစေရန် ၊ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။ သင်တန်းတွင် ဆရာမဒေါ်အေးအေးလွင်မှ ဝန်ထမ်းများအား အင်္ဂလိပ်စာအခြေခံကောင်းမွန်မှုရှိစေရန် Four Skills (Speaking, Writing, Reading ,Listening) အပြင် Business English ၊ E-mail Writing နှင့် Presentation တို့အား အခြေခံမှစ၍ သင်ကြားခြင်းဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများအနေဖြင့် အင်္ဂလိပ်စာအခြေခံ ကောင်းမွန်မှုရှိစေရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးပြုနိုင်ရန် သင်ကြားနေခြင်းဖြစ်ပါသည်။

အဆိုပါ အင်္ဂလိပ်စာအခြေခံသင်တန်း (၁/၂၀၂၄) ကို ၁၂-၉-၂၀၂၄ မှ ၂၂-၁၀-၂၀၂၄ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါသည်။

# စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ အရာထမ်း ၊ အမှုထမ်း မွမ်းမံသင်တန်း (၁/၂၀၂၄) ဖွင့်လှစ်ပို့ချခြင်း



စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ အရာထမ်း ၊ အမှုထမ်း မွမ်းမံသင်တန်း (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားတွင် စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးချစ်ဝင်းမှ သင်တန်းအဖွင့်အမှာစကားပြောကြားစဉ်။

၂၃-၉-၂၀၂၄ ရက်နေ့ ၀၉း၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်း၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ အရာထမ်း၊ အမှုထမ်း မွမ်းမံသင်တန်း (၁/၂၀၂၄) အား ဖွင့်လှစ်ခဲ့ပါသည်။ အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲရှိ ဝန်ထမ်းများ၏ အရည်အချင်းပိုမိုမြင့်တက်လာစေရေးအတွက် စီးပွားရေးမသမာမှုများနှင့် သတင်းရေးသားတင်ပြခြင်း၊ စုံစမ်းစစ်ဆေးရေးအရာရှိ အရည်အချင်း ၊ လူပ်ရှားစစ်ဆင်ရေးဆိုင်ရာများ ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာများ၊ တားဆီးဖမ်းဆီးစစ်ဆေးရေးဆိုင်ရာများနှင့် အကောက်ခွန်ဥပဒေနှင့် ဆက်စပ်ဥပဒေအကြောင်းတို့အား ၂၃-၉-၂၀၂၄ ရက်နေ့မှ ၂၇-၉-၂၀၂၄ ရက်နေ့အထိ သင်တန်းပို့ချခဲ့ပြီး သင်တန်းသားဦးရေ (၆၇) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဌာနခွဲများမှ ဝန်ထမ်းများအား ၁၉၂၃ ခုနှစ် ၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်အက်ဥပဒေအကြောင်း ဆွေးနွေးရှင်းလင်းပွဲ




**အကောက်ခွန်ဦးစီးဌာန၊ ဌာနခွဲများမှ ဝန်ထမ်းများအား ၁၉၂၃ ခုနှစ် ၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်အက်ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးပွဲကျင်းပစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ဌာနခွဲများမှ ဝန်ထမ်းများအား ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်အက်ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးပွဲအား ၂၇-၉-၂၀၂၄ ရက်နေ့ ( သောကြာနေ့ ) ဝ၉း၀၀ နာရီတွင် ဇေယျာသီဟာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး ဥပဒေရေးရာဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လင်းမြိုင်မှ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်အက်ဥပဒေအကြောင်းအား အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ အရာထမ်း၊ အမှုထမ်း (၁၅၀) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအား အကောက်ခွန်ဥပဒေဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချခြင်း



**အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအား ဥပဒေရေးရာအရည်အချင်း ပိုမိုမြင့်တက်လာစေရေးအတွက် အကောက်ခွန်ဥပဒေနှင့်ဆက်စပ်ဥပဒေများအကြောင်း သင်တန်းပို့ချစဉ်။**

အကောက်ခွန်ဦးစီးဌာန ဥပဒေရေးရာဌာနခွဲအနေဖြင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများအား အကောက်ခွန်ဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး ၊ ဝန်ထမ်းများ၏ အရည်အချင်းပိုမိုမြင့်တက်လာစေရေးအတွက် အကောက်ခွန်ဥပဒေနှင့် ဆက်စပ်ဥပဒေများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ တားဆီးဖမ်းဆီးမှုဆောင်ရွက်ရာတွင် အမှုတွဲခိုင်မာအောင် တည်ဆောက်ရာ၌ လိုက်နာရမည့် အချက်များ ၊ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း ၊ ကန့်သတ်ကုန်ပစ္စည်းများ ၊ အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဖမ်းဆီးခြင်း၊ ရွေးယူဒဏ်ငွေခွင့်ပြုခြင်း၊ ဖျက်ဆီးခြင်း၊ လွှဲပြောင်းခြင်း၊ လေလံတင်ထုခွဲရောင်းချခြင်းနှင့် ဆုငွေချီးမြှင့်ခြင်း၊ သိမ်းဆည်းမိန့်ထုတ်ပြန်ခြင်းနှင့် အခွန်အယူခံခုံအဖွဲ့အကြောင်းတို့အား အကောက်ခွန်ဦးစီးဌာန၊ ဌာနခွဲ (၁၂) ခုမှ ဝန်ထမ်းများအား ၂-၉-၂၀၂၄ ရက်နေ့မှ ၆-၉-၂၀၂၄ ရက်နေ့အထိ သင်တန်းပို့ချခဲ့ပြီး သင်တန်းသားဦးရေ (၅၀) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဝါတွင်းကာလအတွင်း ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့ ရွတ်ဖတ်ပူဇော်ခြင်း



**အကောက်ခွန်ဦးစီးဌာန၏ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဝါတွင်းကာလအတွင်း ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်စဉ်။**

အကောက်ခွန်ဦးစီးဌာနမှ ဝါတွင်းကာလအတွင်း ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် အဖွဲ့တစ်ဖွဲ့တွင် ဝန်ထမ်းအင်အား (၃၀) ဦးခန့်ဖြင့် အဖွဲ့(၂) ဖွဲ့ခွဲ၍ ရွတ်ဖတ်ပူဇော်ပြီး အဖွဲ့တစ်ဖွဲ့လျှင် လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးမှ ဦးဆောင်၍ လပြည့် ၊ လကွယ်နေ့များ၌ ရွတ်ဖတ်ပူဇော်လျက်ရှိပါသည်။ ဓမ္မစကြာ ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်းအား ၃-၉-၂၀၂၄ ရက်နေ့ နှင့် ၁၇-၉-၂၀၂၄ ရက်နေ့များတွင် ရွတ်ဖတ်ပူဇော်ခဲ့ပြီးဖြစ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၁၆၁၆.၈၇၃ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသများ၌ တင်သွင်း / တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ (၁) ရက် မှ (၃၀) ရက်အထိ စုစုပေါင်းတားဆီး / ဖမ်းဆီးမှု ( ၅၄၅ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၂၁၆၁၆.၈၇၃) သန်း ဖြစ်ပါသည်။

**ရန်ကုန် တားဆီး/ ဖမ်းဆီးမှု**




(၆-၉-၂၀၂၄) ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ Pwint Naing Win Co.,Ltd. မှ ID No.100285607441 (30.8.2024) ဖြင့် တင်သွင်းလာသော ပေ-၂၀ ကုန်သေတ္တာ (၈) လုံးအား အထူးအဖွဲ့ (Suspect) အရ သက်ဆိုင်ရာဆိပ်ကမ်းပူးပေါင်းအဖွဲ့များဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ ID တွင် ပစ္စည်းအမျိုးအစား၊ အရေအတွက်၊ C/O ကိုက်ညီမှန်ကန်မှုရှိသော်လည်း ဈေးနှုန်းနည်းနေပါသဖြင့် (B/N Construction Materials-Composite Board With Aluminium 3%) (1220*2440*1 To 6 MM) (C/O-China) (200,000 KG) ၊ ခန့်မှန်းတန်ဖိုးကျပ်- (၃၇၈,၀၀၀,၀၀၀/-) အား  အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၁၆၁၆.၈၇၃ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု



၂၃-၉-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ Business Power Co.,Ltd. မှ ID No.10028184214 (26.6.2024) ဖြင့် တင်သွင်းခဲ့သည့် ပေ-၂၀ ကုန်သေတ္တာ (၅)လုံးအား သက်ဆိုင်ရာ ဆိပ်ကမ်းပူးပေါင်းအဖွဲ့ဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ IL ပါ HS Code ဖော်ပြချက်နှင့် မျက်မြင်စစ်ဆေး တွေ့ရှိချက်ပစ္စည်း၏ HS Code မှာ ကွဲလွဲမှုဖြစ်ပါနေသဖြင့် (B/N Construction Materials) (Iron Nail) (Size-10 CM & Under) (C/O-China) (140,000 KG) ၊ ခန့်မှန်းတန်ဖိုး ကျပ်-၂၀၅,၈၀၀,၀၀၀/- အား အမှုတွဲဖွင့်လုစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၁၆၁၆.၈၇၃ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၄-၉-၂၀၂၄ ရက်နေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒု-တိုင်းမှူးဦးစီးသော ပူးပေါင်းအဖွဲ့ဖြင့် မဲဘောင်နောင်ပလိန်လမ်းဆုံအနီး ရှောင်တခင်စစ်ဆေးရာ မြဝတီမြို့မှ သာမညသို့ သွားရောက်မည့် မော်တော်ယာဉ် (၂၉) စီးအား တွေ့ရှိရသဖြင့် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ သီရိကွင်းသို့ ခေါ်ဆောင်၍ ယာယီထိန်းသိမ်းထားရှိခဲ့ပြီး ခရိုင်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့ဖြင့် ၎င်းမော်တော်ယာဉ် (၂၉) စီးအား ၅-၉-၂၀၂၄ ရက်နေ့မှ ၈-၉-၂၀၂၄ ရက်နေ့အထိ စစ်ဆေးရာ မော်တော်ယာဉ်အမှတ်၊ (5A/5206) (Truck) (6 W) အမျိုးအစားယာဉ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Solar Inverter) (Brand-TAIYO) (Model-TY1512P) (Capacity-1500 VA / 1200 W) (Net Weight-8.66 Kg) (Size-435 x 325 x 170 mm) (C/O-Not Found) (557 U)၊ ခန့်မှန်းတန်ဖိုးကျပ်-(၄၀၈,၆၀၀,၀၀၀/-) အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၁၆၁၆.၈၇၃ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

## နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု







၆-၉-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းတရားမဝင်ကုန်စည်များ တင်သွင်း /တင်ပို့မှု မရှိစေရေးအတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၏ အနီးကပ်ကြပ်မတ်မှုဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ တာဝန်ကျဝန်ထမ်း များသည် ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ တာဝန်ထမ်းဆောင်စဉ် မုံရွာမှ မန္တလေးသို့ မောင်းနှင်လာသောယာဉ်အမှတ် ၊ (2C/7090) (Truck) (6 W) အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ပစ္စည်းများ တင်ဆောင်ထားသဖြင့် အသေးစိတ်စိစစ်နိုင်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ လာရောက်အပ်နှံခဲ့ပြီး ၇-၉-၂၀၂၄ ရက်နေ့ ၁၃:၀၀ နာရီတွင် ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (Diclofenac Sodium Tablets) (50 mg) (Novajin Anangesic Tablets) (Batch No CT 7390)(EXP:4/2027)(MFG:5/2024) )C/O-India) (6000 Boxes) အပါအဝင်ပစ္စည်း(၂)မျိုး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်-၂၀,၁၆၀,၀၀၀/- အမှုတွဲဖွင့်လှစ်၍ တားဆီး ခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၂၁၆၁၆.၈၇၃ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု







၂၆-၉-၂၀၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်၊ ခဲယမ်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ မူးယစ်ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ တရားမဝင်ကုန်စည်များ ဝင်/ ထွက်မှု မရှိစေရေးအတွက် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ကျဝန်ထမ်းများသည် ကင်းလှည့်စစ်ဆေးစဉ် ရန်ကုန်-မန္တလေးလမ်း၊ မိုင်တိုင်အမှတ် (၃၅၄/၇) မိုင်၌ ရပ်တန့်ထားသော ယာဉ်အမှတ်၊ (8J/5345) (Truck) (12 W) အမျိုးအစားယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်သစ်များ တင်ဆောင်ထားသဖြင့် အဆိုပါယာဉ်အား မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး ၂၈-၉-၂၀၂၄ ရက်နေ့ ၀၉:၀၀ နာရီတွင် သစ်တောဦးစီးဌာနပါဝင်သော စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော (ပျဉ်းကတိုး) (၁၅၂.၁၈ ကုဗပေ) (၃.၀၄၃၆ တန်) (၅၀ ချောင်း) အပါအဝင် သစ်တောထွက်ပစ္စည်း (၅)မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်-(၈,၃၇၁,၃၄၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၁၆၁၆.၈၇၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

**ထူးခြားဖမ်းဆီးမှု**




(၁၆.၆.၂၀၂၄) ရက်နေ့တွင် ရန်ကုန်လေဆိပ် (သွင်းကုန်) ၌ J.D.S Co.,Ltd မှ (AWB NO. 59901241133) ၊ (ID NO.100286003640) (6.9.2024) ဖြင့် တင်သွင်းလာသော ကုန်ပစ္စည်းများဖြစ်သည့် (Medicine Fosbind) (Brand Name-Immutil-S360) ((10x10)Tablets) (C/O-India) (800 U) အပါအဝင် ပစ္စည်း (၆) မျိုး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် - ( ၂၂၃,၉၅၅,၅၄၅/- ) ခန့်သည် VPA ဖြစ်ပေါ်ခဲ့သဖြင့် အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။